**စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန**
**အမှတ် (၁) စက်မှုသင်တန်းကျောင်း (ဆင်တဲ)**
**စက်မှုကျွမ်းကျင် (၂) နှစ်၊ သင်တန်းအမှတ်စဉ် (၄၂) သင်တန်းဝင်ညွှန်ကြားလွှာ**

**အကြောင်းအရာ**

၁။ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ သင်တန်းကျောင်းများကြီးကြပ်ရေးဌာနအောက်ရှိ အမှတ်(၁)စက်မှုသင်တန်းကျောင်း(ဆင်တဲ)၊ အမှတ်စဉ် (၄၂) သင်တန်းအတွက် သင်တန်းသားသစ်များခေါ်ယူခြင်း။

**သင်တန်းအမည်**

၂။ အမှတ်(၁)စက်မှုသင်တန်းကျောင်း(ဆင်တဲ)၊စက်မှုကျွမ်းကျင်(၂)နှစ်သင်တန်းအမှတ်စဉ်(၄၂)

**သင်တန်းဖွင့်လှစ်မည့်နေရာ**

၃။ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ဆင်တဲစက်မှုနယ်မြေရှိ အမှတ်(၁) စက်မှုသင်တန်းကျောင်း(ဆင်တဲ)တွင် ဖွင့်လှစ်ပါမည်။

**သင်တန်း အမျိုးအစားနှင့် လက်ခံသင်ကြားမည့်ဦးရေ**

၄။ သင်တန်းတွင် အောက်ပါဘာသာရပ်များအား စာတွေ့(၃၀%) လက်တွေ့(၇၀%)သင်ကြားပို့ချမည်ဖြစ်ပြီး လက်တွေ့သင်ကြားမှုကို ဦးစားပေးသင်ကြားပို့ချပါမည်။ သင်တန်းသား/သူ စုစုပေါင်း (၁၇၀) ဦးကို အောက်ဖော်ပြပါ ဘာသာရပ်များအလိုက် လက်ခံသင်ကြားပေးမည်ဖြစ်ပါသည် –

| စဉ် | သင်ကြားပို့ချမည့်ဘာသာရပ် | သင်တန်းသား/သူ ဦးရေ | သင်တန်းကာလ | ပညာအရည်အချင်း |
|---|---|---|---|---|
| ၁ | စက်ကိရိယာကိုင်တွယ်မောင်းနှင်မှုသင်တန်း (Machine Tool Operator Course) | ၂၄ ဦး | ၂ နှစ် | တက္ကသိုလ်ဝင်တန်း (၁၀)တန်းဖြေဆိုဖူးသူ/ KG+12 တက်ဖူးသူ |
| ၂ | ကိရိယာနှင့်ပုံနှိပ် ပုံပြုလုပ်သူသင်တန်း (Tool and Die Maker Course) | ၁၆ ဦး | ၂ နှစ် | တက္ကသိုလ်ဝင်တန်း (၁၀)တန်းဖြေဆိုဖူးသူ/ KG+12 တက်ဖူးသူ |
| ၃ | လျှပ်စစ်ပညာသည်သင်တန်း (Electrical Fitter Course) | ၃၄ ဦး | ၂ နှစ် | တက္ကသိုလ်ဝင်တန်း (၁၀)တန်းဖြေဆိုဖူးသူ/ KG+12 တက်ဖူးသူ |
| ၄ | မော်တော်ယာဉ်မက္ကင်းနစ်သင်တန်း (Motor Vehicle Mechanic Course) | ၂၄ ဦး | ၂ နှစ် | တက္ကသိုလ်ဝင်တန်း (၁၀)တန်းဖြေဆိုဖူးသူ/ KG+12 တက်ဖူးသူ |

| စဉ် | သင်ကြားပို့ချမည့်ဘာသာရပ် | သင်တန်းသား/သူ ဦးရေ | သင်တန်းကာလ | ပညာအရည်အချင်း |
|---|---|---|---|---|
| ၅ | စက်ရုံပစ္စည်းတပ်ဆင်ထိန်းသိမ်းသူသင်တန်း (Machinery Fitter Course) | ၂၄ ဦး | ၂ နှစ် | တက္ကသိုလ်ဝင်တန်း (၁၀)တန်းဖြေဆိုဖူးသူ/ KG+12 တက်ဖူးသူ |
| ၆ | သွန်းလောင်းပုံသွင်းပုံစံပြုလုပ်သူသင်တန်း (Pattern Maker Course) | ၁၂ ဦး | ၂ နှစ် | တက္ကသိုလ်ဝင်တန်း (၁၀)တန်းဖြေဆိုဖူးသူ/ KG+12 တက်ဖူးသူ |
| ၇ | သတင်းအချက်အလက်နှင့်နည်းပညာသင်တန်း (Information Technology Course) | ၁၈ ဦး | ၂ နှစ် | တက္ကသိုလ်ဝင်တန်း (၁၀)တန်းဖြေဆိုဖူးသူ/ KG+12 တက်ဖူးသူ |
| ၈ | စက်မှုပုံဆွဲသင်တန်း (Mechanical Draughtsman Course) | ၁၈ ဦး | ၂ နှစ် | တက္ကသိုလ်ဝင်တန်း (၁၀)တန်းဖြေဆိုဖူးသူ/ KG+12 တက်ဖူးသူ |
| | **စုစုပေါင်း** | ၁၇၀ ဦး | | |

**လျှောက်ထားခွင့်ရှိသူများ**

၅။ ကျန်းမာရေးကောင်းမွန်ပြီး စက်မှုဝါသနာပါသူများဖြစ်ရပါမည်။

**လျှောက်ထားသူများတွင် ရှိရမည့် သတ်မှတ်အရည်အချင်းများ**

၆။ လျှောက်ထားသူများသည် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီသူများ ဖြစ်ရပါမည် -

(က) တက္ကသိုလ်ဝင်တန်း(ဒသမတန်း)သင်ယူ/ဖြေဆိုဖူးသူ (သို့မဟုတ်) စနစ်သစ်ပညာရေး၏ KG+12 တက်ဖူးသူဖြစ်ရမည်။

( ခ ) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ(၂၀) ရက်နေ့ (သင်တန်းစတင် ဖွင့်လှစ်သည့်နေ့ရက်)တွင် အသက် (၁၆) နှစ်ပြည့်ပြီး (၂၅) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

( ဂ ) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသား (ကျား/မ) ဖြစ်ရမည်။

(ဃ) အိမ်ထောင်မရှိသူ (လူပျို/အပျို) ဖြစ်ရမည်။

( င ) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။

( စ ) ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့် အညီ နေထိုင်နိုင်သူဖြစ်ရမည်။

(ဆ) သင်တန်းမှ ချမှတ်ထားသော ဝန်ခံကတိ စည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ပြီး သင်တန်းကို ပြီးဆုံးအောင် တက်ရောက်နိုင်သူဖြစ်ရမည်။

**လျှောက်ထားခြင်း**

၇။ လျှောက်လွှာများအား အောက်ဖော်ပြပါ ဌာနများတွင်ရယူနိုင်ပြီး၊ လျှောက်လွှာပါ အချက်အလက်များ၊ ဆက်သွယ်ရန်လိပ်စာ၊ တယ်လီဖုန်းနံပါတ်များကိုသေချာစွာဖြည့်စွက် လျှောက်ထားရန် လိုအပ်ပါသည်။ လူတွေ့နှုတ်မေးဖြေဆိုခွင့် ရရှိသူအမည်စာရင်းကို လူတွေ့နှုတ်မေး စစ်ဆေးမည့်ရက်မတိုင်မီ ကြိုတင်၍ အမှတ်(၁)စက်မှုသင်တန်းကျောင်း(ဆင်တဲ)တွင် ကြေငြာထားမည် ဖြစ်ပါသည်။

(က) **လျှောက်လွှာရရှိနိုင်သောနေရာများ**

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၂) ရက်နေ့မှစ၍ အောက်ဖော်ပြပါ ဌာနများတွင် ရယူနိုင်ပါသည် -

(၁) အမှတ်(၁)စက်မှုသင်တန်းကျောင်း(ဆင်တဲ)၊ ပန်းတောင်းမြို့နယ်၊ ပြည်ခရိုင်၊ ပဲခူးတိုင်းဒေသကြီး။

(၂) သင်တန်းကျောင်းများကြီးကြပ်ရေးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀)၊ နေပြည်တော်။

(၃) www.industry.gov.mm နှင့် www.itcsinde.com website များနှင့် “Itc Sinde” Facebook account တို့တွင် download ပြုလုပ်ပြီးရယူနိုင်ပါသည်။

( ခ ) **လျှောက်လွှာပိတ်ရက်/ ပေးပို့ရန်နေရာများ**

**၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ(၂၉)ရက် (၁၆:၀၀)နာရီ** နောက်ဆုံးထား၍ အောက်ဖော်ပြပါ ဌာနများသို့ ပေးပို့ရမည်–

(၁) အမှတ်(၁)စက်မှုသင်တန်းကျောင်း(ဆင်တဲ)၊ပန်းတောင်းမြို့နယ်၊ ပြည်ခရိုင်၊ ပဲခူးတိုင်းဒေသကြီး။ ( သို့မဟုတ် )

(၂) သင်တန်းကျောင်းများကြီးကြပ်ရေးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀)၊ နေပြည်တော်။

( ဂ ) **လျှောက်လွှာနှင့်အတူ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ**

လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများပါရှိရမည်–

| | |
|---|---|
| (၁) လျှောက်လွှာမူရင်း | (၁) စောင် |
| (၂) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ | (၁) စောင် |
| (၃) လိုင်စင်ဓာတ်ပုံ | (၃) ပုံ |
| (၄) အကျင့်စာရိတ္တကောင်းမွန်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ထောက်ခံစာ(မူရင်း) **(သို့မဟုတ်)** မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှ ထောက်ခံစာ(မူရင်း) | (၁) စောင် |
| (၅) တက္ကသိုလ်ဝင် စာမေးပွဲအောင်လက်မှတ် ( မိတ္တူ ) (သို့မဟုတ်) တက္ကသိုလ်ဝင်တန်း (၁၀)တန်း အောင်မြင်/ကျရှုံးကြောင်း(သို့မဟုတ်) စနစ်သစ်ပညာရေး၏ KG+12 တက်ဖူးကြောင်းထောက်ခံစာ(မူရင်း) | (၁) စောင် |

(၆) သက်ဆိုင်ရာမြို့နယ်ဆရာဝန်၏ ကျန်းမာရေးကောင်းမွန်ကြောင်း (၁) စောင် ဆေးထောက်ခံစာ(မူရင်း)

(၇) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးပြီးကြောင်း ဆေးမှတ်တမ်း (၁) စောင် (မူရင်း)

**မှတ်ချက်။** အသက်နှင့်ပညာအရည်အချင်းအတွက်လျှောက်လွှာ၏ ကျောဘက်တွင် သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၏ ထောက်ခံချက်ကို ဖြည့်စွက်ရန် လိုအပ်ပါသည်။ သို့ရာတွင် လျှောက်ထားသူသည် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ပညာအရည်အချင်းနှင့် ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန အကြီးအကဲ၏ ထောက်ခံချက်ကိုသာ ဖြည့်စွက်ရန် လိုအပ်ပါသည်။

**အရည်အချင်းစစ်ဆေးခြင်း**

၈။ သင်တန်းတက်ရောက်ခွင့်ရရှိရေးအတွက် အင်္ဂလိပ်စာအခြေခံ၊ သင်္ချာအခြေခံနှင့် စက်မှုဆိုင်ရာ ဗဟုသုတများကို လူတွေ့နှုတ်မေး ဖြေဆိုရမည်ဖြစ်ပါသည်။ လူတွေ့နှုတ်မေးစစ်ဆေးခြင်းကို ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ အမှတ်(၁)စက်မှုသင်တန်းကျောင်း(ဆင်တဲ)တွင် (၁၈.၁၂.၂၀၂၄) ရက်နေ့မှ (၂၀.၁၂.၂၀၂၄) ရက်နေ့အထိ ပြုလုပ်သွားပါမည်။ လူတွေ့စစ်ဆေးရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)၊ တက္ကသိုလ်ဝင် စာမေးပွဲအောင်လက်မှတ်(မူရင်း) (သို့မဟုတ်) တက္ကသိုလ်ဝင်တန်း အောင်မြင်/ကျရှုံးဖူးကြောင်း၊ စနစ်သစ်ပညာရေး၏ KG+12 တက်ဖူးသူဖြစ်ကြောင်းထောက်ခံစာ(မိတ္တူ)တို့ကို တစ်ပါတည်း ယူဆောင်လာရမည်။ သင်တန်းဝင်ခွင့်ရရှိသူများအတွက် အောင်စာရင်းကို အမှတ်(၁)စက်မှုသင်တန်းကျောင်း(ဆင်တဲ)နှင့် ItcSinde Facebook account တို့တွင် ကြေငြာထားပါမည်။

**သင်တန်းဖွင့်လှစ်မည့်နေ့ရက်**

၉။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၂၀) ရက်နေ့တွင် သင်တန်းဖွင့်လှစ်ပါမည်။ သင်တန်းဝင်ခွင့်ရသူများသည် မိမိအစီအစဉ်ဖြင့် ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ အမှတ်(၁) စက်မှုသင်တန်းကျောင်း(ဆင်တဲ)သို့ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁၇) ရက်နေ့ထက် မစော၊ ဇန်နဝါရီလ (၁၈)ရက်နေ့ (၁၆:၀၀)နာရီထက် နောက်မကျစေဘဲ အုပ်ထိန်းသူတစ်ဦးနှင့်အတူ ကိုယ်တိုင်လာရောက် သတင်းပို့ရပါမည်။

**သင်တန်းကာလ**

၁၀။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၂၀) ရက်မှ ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ (၁၈) ရက် အထိ ( ၂ )နှစ်။

**နေရာထိုင်ခင်း**

၁၁။ လူတွေ့နှုတ်မေး စစ်ဆေးခြင်းကာလ၌ နေထိုင်ရေး၊ စားသောက်ရေးနှင့် သွားလာရေး ကိစ္စရပ်များကို မိမိအစီအစဉ်ဖြင့်ဆောက်ရွက်ရမည်၊ သင်တန်းတက်ရောက်စဉ် ကာလအတွင်း နေရာထိုင်ခင်း အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဝင်ခွင့်အောင်မြင်သူများအတွက် ဦးစားပေးအစီအစဉ်အလိုက် အသင့်နေထိုင်နိုင်သော ကျောင်းဆောင်များတွင် နေရာချထားပေးမည်။ ပြင်ပတွင် လုံးဝနေထိုင်ခွင့်မပြုပါ။

(ခ) သင်တန်းသား/သူများ၏ မိသားစုများအား သင်တန်းကာလအတွင်း မည်သို့သော အကြောင်းကြောင့်ဖြစ်စေ သင်တန်းကျောင်း အဆောင်များတွင် လာရောက်တည်းခို ခွင့်မပြုပါ။

**စားစရိတ်**

၁၂။ သင်တန်းသားတစ်ဦးလျှင် လစဉ်စားစရိတ်အဖြစ် (၄၅,၀၀၀)ကျပ်ကို နိုင်ငံတော်မှ ထောက်ပံ့ပေးသွားမည်ဖြစ်ပါသည်။

**သတ်မှတ်ယူနီဖောင်း**

၁၃။ သင်တန်းကာလအတွင်း သင်တန်းသား/သူအားလုံးသည် နက်ပြာရောင် (အင်္ကျီ လက်ရှည်၊ ဘောင်းဘီရှည်) တူညီယူနီဖောင်းကို ဝတ်ဆင်ရမည်။ ယူနီဖောင်းစရိတ် တစ်စုံလျှင်(၂၀,၀၀၀)ကျပ်နှုန်းဖြင့် (၂) စုံအတွက် နိုင်ငံတော်မှ ထောက်ပံ့ပေးမည် ဖြစ်ပါသည်။

**စည်းကမ်းချက်များ**

၁၄။ သင်တန်းသားများသည် အောက်ပါသင်တန်း စည်းကမ်းများကို လိုက်နာကြရမည်-

(က) သင်တန်းကာလပြီးဆုံးအောင် တက်ရောက်ပါမည်ဟု သင်တန်းသားကိုယ်တိုင်နှင့် အုပ်ထိန်းသူတို့မှ ခိုင်မာသောကတိဝန်ခံချက် လက်မှတ်ရေးထိုးရပါမည်။

(ခ) သင်တန်းကာလအတွင်း မည်သည့်စာမေးပွဲမှ ဖြေဆိုခွင့် မပြုပါ။

(ဂ) သင်တန်းသား/သူများသည် သင်တန်းကာလအတွင်း ကျောင်းခေါ်ချိန် (၈၀%) ပြည့်မှသာ စာမေးပွဲဖြေဆိုခွင့်ပြုပါမည်။

(ဃ) သင်တန်းကျောင်းမှဖြစ်စေ၊ စက်မှုဝန်ကြီးဌာနမှဖြစ်စေ အခါအားလျော်စွာထုတ်ပြန်သည့် စည်းကမ်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို တိကျစွာလိုက်နာရပါမည်။

(င) စက်မှုဝန်ကြီးဌာန၊ ဝန်ထမ်းသင်တန်းသားများသည် စည်းကမ်းဖောက်ဖျက်၍ သင်တန်းမှ ထုတ်ပယ်ခြင်းခံရလျှင် ပျက်ကွက်ဝန်ထမ်း တစ်ဦးကဲ့သို့ အရေးယူခံရမည်ကို သိရှိလိုက်နာမည့်အကြောင်းနှင့် သင်တန်းဆင်းပြီးသည့်နေ့မှစ၍ မိခင်စက်ရုံ၊ လုပ်ငန်းဌာနတို့တွင် ဆက်တိုက်(၅)နှစ် တာဝန်ထမ်းဆောင်ပါမည့်အကြောင်း သက်ဆိုင်ရာစက်ရုံ၊ လုပ်ငန်း၊ ဌာနတို့တွင် ကြိုတင်ပြီး ကတိဝန်ခံချက် လက်မှတ်ရေးထိုး၍ စာချုပ် ချုပ်ဆိုခဲ့ရပါမည်။

**အောင်လက်မှတ် ချီးမြှင့်ခြင်း**

၁၅။ သင်တန်းကာလပြီးဆုံးအောင် တက်ရောက်၍ အောင်မြင်သော သင်တန်းသားများအား သင်တန်းဆင်းပွဲ အခမ်းအနားတွင် အောင်လက်မှတ် ချီးမြှင့်ပါမည်။

**မှတ်ချက်။ ဝန်ကြီးဌာနများနှင့် စက်မှုဇုန်များအနေဖြင့် မိမိလက်အောက်ရှိ ဌာနခွဲများ၊ တပ်ရင်းတပ်ဖွဲ့များသို့ ဤညွှန်ကြားလွှာမူရင်းအတိုင်း အချိန်မီ ဖြန့်ဝေပေးပါရန်နှင့် လျှောက်လွှာပိတ်ရက် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၂၉) ရက် (၁၆:၀၀) နာရီ မတိုင်မီ လျှောက်လွှာတင်နိုင်ရေးအတွက် ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။**